လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ March 2024

# အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် သုဇနကာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ မတ်လ ၅ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ စိုးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် (၅-၃-၂၀၂၄) ရက်နေ့တွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ နေပြည်တော် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီးကလေးများအား သင်ကြားလေ့ကျင့်ပေးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည်နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန တည်ထောင် ခွင့်ပြုမိန့်ရ သုဇနကာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာသို့သွားရောက်၍ ဂေဟာ၏နာယက ဆရာတော်အား ဖူးမြော်ကန်တော့ပြီး ဂေဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မေးမြန်းလျှောက်ထားခဲ့ပါသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂေဟာရှိ တာဝန်ခံများ၊ ဂေဟာအုပ်ချုပ်ရေးမှူးအပါအဝင် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကလေးများအား စောင့်ရှောက်ထားရှိမှု အခြေအနေ၊ စားသောက်ရေး၊ နေထိုင်ရေးနှင့် မိသားစုများနှင့် တွေ့ဆုံနိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို မေးမြန်း

ခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။ ဂေဟာရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း တာဝန်ခံနှင့် ဆရာမများ၊ ကလေးများအား တွေ့ဆုံ၍ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီး ဂေဟာရှိ ကျောင်းသား၊ ကျောင်းသူများ၊ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများအား အရုပ်၊ မုန့်နှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးထောက်ပံ့ခဲ့ပါသည်။

## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ခြင်း



**၂၀၂၄ခုနှစ်၊ မတ်လ ၁၃ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ (၁၃-၃-၂၀၂၄) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ ဝန်ထမ်းများ အနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှု အသိပညာ၊ ဗဟုသုတများ ရရှိပြီး အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို (၂၀၂၂-၂၀၂၃)ခုနှစ်တွင် ဒုတိယသက်တမ်း၊ (၂၀၂၃-၂၀၂၄)ခုနှစ်တွင် တတိယသက်တမ်းအဖြစ်(၁)နှစ်စီ သက်တမ်းတိုးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် အကျိုးရှိအောင် လေ့လာ ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။



# ပြည်ပသင်တန်းတက်ရောက်ခဲ့မှုဆိုင်ရာ အတွေ့အကြုံများရှင်းလင်းတင်ပြခြင်း အစီအစဉ်ကျင်းပခြင်း



**၂၀၂၄ခုနှစ်၊ မတ်လ ၂၀ ရက်** **နေပြည်တော်**

ပြည်ပသင်တန်း တက်ရောက်ခဲ့မှုဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းတင်ပြခြင်း အစီအစဉ်ကို (၂၀-၃-၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အတွေ့အကြုံ ရှင်းလင်းခြင်း အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံများမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ တက်ရောက်၍ ပြန်လည်ရောက်ရှိလာသော အရာထမ်းများ၏ အတွေ့အကြုံ ရှင်းလင်းခြင်း အစီအစဉ်ကို ဆောင်ရွက်ခြင်းသည် ပြည်ပခရီးစဉ်များ သွားရောက်ခဲ့သူများမှ မိမိတို့ လေ့လာခဲ့သည်များကို ပိုမိုနားလည်သိရှိနိုင်စေရန်နှင့် တက်ရောက်လာသူများအနေဖြင့် နိုင်ငံတကာက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအစဉ်များကို သိရှိခွင့်ရပြီး အတုယူသင့်သည်များ၊ လေ့လာသင့်သည်များကို ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကိုတက်ကြွစွာကြိုးစားအကောင်အထည်ဖော်ခြင်းဖြင့် အောင်မြင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အစီအစဉ်တွင် ထိုင်းနိုင်ငံ၊ဗန်ကောက်မြို့နှင့်ချင်းရိုင်မြို့တို့တွင် (၁၄-၁-၂၀၂၄)ရက်နေ့မှ (၂၇-၁-၂၀၂၄) ရက်နေ့အထိ ဖွင့်လှစ်သည့် အာဆီယံဒေသတွင်း သဘာဝဘေးလျှော့ပါးရေး လုပ်ငန်းများတွင် မသန်စွမ်းသူများ၏ ပါဝင်မှုကဏ္ဍအား ကောင်းလာစေရေးဆိုင်ရာသင်တန်း [Strengthening Disability-Inclusive Disaster Risk Reduction (DiDRR) in the ASEAN Region] သို့ တက်ရောက်ခဲ့သည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လေ့လာ ဆည်းပူးခဲ့ရသော ဘာသာရပ်များနှင့် အတွေ့အကြုံများ ရှင်းလင်းတင်ပြခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်း ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိဌာနများအလိုက် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဖော်ထုတ် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ Gender/ CEDAW/ AGMSF/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခြင်း




**၂၀၂၄ခုနှစ်၊ မတ်လ ၂၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် Gender/ CEDAW/ AGMSF/ NSPAW/ UNSCR 1325 အသိပညာပေးသင်တန်းအား (၂၆-၃-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဖြစ်၍ အရေးကြီးပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ် (၁၂) ရပ်တွင် အမျိုးသမီးနှင့် မီဒီယာလုပ်ငန်းနယ်ပယ် တစ်ခုပါဝင်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက Focal အဖြစ် တာဝန်ယူထားပါကြောင်း၊ အမျိုးသမီးများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက် အသုံးပြုပြီး စွမ်းဆောင်ရည် တိုးတက်မြင့်မားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းက ရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင်အသုံးချသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid မှ လာရောက်တွေ့ဆုံခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၂၇ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲဖြစ်သူ Mr. Sajjad Mohammad Sajid ဦးဆောင်သောအဖွဲ့သည် (၂၆-၃-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးရုံး၊ မေခလာခန်းမ၌ လာရောက် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် UNOCHA နှင့် ဝန်ကြီးဌာနတို့အကြား

ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၊ UNOCHA နှင့် ဝန်ကြီးဌာန တို့အကြား သဘောတူညီမှုစာလွှာ(LoA)အသစ် လက်မှတ်ရေးထိုးနိုင်ရေး အပြီးသတ် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း



**၂၀၂၄ခုနှစ်၊ မတ်လ ၇ ရက်** **နေပြည်တော်**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ ပြန်လည်ထူထောင်ရေးအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ (၇-၃-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တွင် လုပ်ငန်း(၁၁)ဖွဲ့ရှိသည့်အနက် ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ (၂၀၁၈) ခုနှစ်မှ (၂၀၂၄) ခုနှစ် ဇန်နဝါရီလအထိ စခန်းအခြေပြုသင်တန်း (၄၁) ကြိမ်၊ သင်တန်းသား (၈၆၂) ဦး၊ ရပ်ရွာအခြေပြုသင်တန်း (၁၉) ကြိမ်၊ သင်တန်းသား (၆၂၀) ဦး၊ စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်း(၂၇)ကြိမ်၊ သင်တန်းသား (၆၆၅) ဦးနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ

ပြန်လည်ထူထောင်ရေးဆိုင်ရာစွမ်းရည်မြှင့်သင်တန်း (၄) ကြိမ်၊ သင်တန်းသား(၁၁၀)ဦးကို လေ့ကျင့်သင်ကြား ပေးနိုင်ခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအဖွဲ့ အနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့သို့ တင်ပြနိုင်ရေး (၁) နှစ်(၁) ကြိမ် ကျင်းပသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ထူထောင်ရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးတက်ရောက်သူများမှ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက် တင်ပြဆွေးနွေးခဲ့ ကြပါသည်။

## ၂၀၂၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း



၂၀၂၄ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားအား နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ ကျင်းပခဲ့ကြပါသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် အမျိုးသမီးကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့များ၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို တက်ကြွစွာလှုပ်ရှား ဆောင်ရွက်နေသည့်အဖွဲ့အစည်းများနှင့်ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တက်ရောက်ခဲ့ကြပါသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များမှ အဖွင့်အမှာ စကားပြောကြားပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Clip နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လှုပ်ရှား ဆောင်ရွက်မှု Video Clip များကို ပြသခဲ့ကြပါသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားဓါတ်ပုံပြခန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကျောင်းများမှ ထွက်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ကြပါသည်။

## Gender, CEDAW, NSPAW ဆိုင်ရာ အသိပညာပေးသင်တန်းကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၁၄ ရက်** **နေပြည်တော်**



နေပြည်တော်အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် Gender, CEDAW, NSPAW ဆိုင်ရာ အသိပညာပေးသင်တန်းကို (၁၄.၃.၂၀၂၄) ရက်နေ့ မွန်းလွဲ (၁၅:၀၀) နာရီအချိန်တွင် နေပြည်တော်လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ သင်တန်းတွင် နေပြည်တော်အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်လူမှုဝန်ထမ်းရုံး၊ညွှန်ကြားရေးမှူးမှ Gender, CEDAW, NSPAW နှင့်ပတ်သက်၍ နောက်ခံသမိုင်းကြောင်းများ၊ လက်ရှိ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ၊ CEDAW ကော်မတီသို့ အစီရင်ခံစာ တင်သွင်းမှုအခြေအနေများ၊ NSPAW Phase II (၂၀၂၃-၂၀၃၂) (မူကြမ်း) နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို Power Point ဖြင့် အသေးစိတ်တင်ပြ ဆွေးနွေးသွားပါသည်။ ထို့နောက် တက်ရောက်လာသော ဌာနဆိုင်ရာများ၊မွန်၊ကရင်၊ပအိုဝ် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် NSPAW Phase II (၂၀၂၃-၂၀၃၂) (မူကြမ်း) နှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်အကြံပြုလိုသည်များရှိပါက နေပြည်တော် လူမှုဝန်ထမ်းရုံးသို့ ၂၀၂၄ ခုနှစ်၊ မတ်လကုန်ခန့်တွင် ပေးပို့နိုင်ပါကြောင်း ပြောကြားပြီး သင်တန်းကို မွန်းလွဲ (၁၆:၃၀) ခန့်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ကလေးအလုပ်သမားပပျောက်ရေးကော်မတီ အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အလုပ်ရုံဆွေးနွေးပွဲ



ပဲခူးတိုင်းဒေသကြီး အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခြင်းခံရသောကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းဆပ်ကော်မတီအစည်းအဝေး(၁/၂၀၂၄) ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တော်ဝင်ဟံသာခန်းမ(၂)၌(၁၁.၃.၂၀၂၄)ရက်နေ့တွင် ဆပ်ကော်မတီဝင်များနှင့် ကျင်းပဆောင်ရွက်ခဲ့ပါသည်။



ဆက်လက်ပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်၌ ဧရာဝတီတိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေး

အလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ ဆောင်ရွက်နေမှုများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ရန် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို (၁၄.၃.၂၀၂၄) ရက်နေ့ နံနက်(၉:၀၀) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးနှင့်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင်များ လာရောက် ကြည့်ရှုစစ်ဆေးခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၅ ရက်** **မန္တလေးတိုင်းဒေသကြီး**



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးကြီးကြပ်မှုအောက်ရှိ မန္တလေးလူငယ် သင်တန်းကျောင်းသို့ (၅.၃.၂၀၂၄)ရက်နေ့၊ နံနက်(၉:၀၀)နာရီအချိန်မှ နေ့လည်(၃:၀၀)နာရီအချိန်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာ တင်မောင်မောင်သန်း၊ ဦးတင်အောင်တို့ဦးဆောင်၍ ရုံးအဖွဲ့(၃)ဦးတို့မှ လာရောက်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ တိုင်းဒေသကြီးဦးစီးမှူး ဦးသက်လှိုင်ထွန်း နှင့် မန္တလေးလူငယ်သင်တန်းကျောင်းမှ ဒုတိယညွှန်ကြားရေးမှူးဦးအေးကျော်တို့မှသင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုများအား အစီရင်ခံတင်ပြခြင်း၊ ဆပ်ပြာခဲသင်တန်း၊ ဆပ်ပြာဆီ သင်တန်း၊ ဆံသသင်တန်း၊ "အ" သုံးလုံးသင်ကြားမှုနှင့် ကျောင်းစာကြည့်တိုက်၊ လက်ဝှေ့သင်တန်း၊ ကျောင်းသားများ အိပ်ဆောင်၊ ထမင်းစားဆောင်၊ မီးဖိုဆောင်၊ ရေသန့်စက်၊ CCTVခန်းများအား ကြည့်ရှုစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

## မူလတန်းကြိုကျောင်းများကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ချီးမြှင့်ခြင်းနှင့် ကျောင်းဆင်းပဒေသာကပွဲ အခမ်းအနားများကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ မတ်လအတွင်း** **နေပြည်တော်**




နေပြည်တော် လူမှုဝန်ထမ်းရုံး ကြီးကြပ်မှုအောက်ရှိ ဌာနပိုင်မူလတန်းကြိုကျောင်း(၆) ကျောင်းမှ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း ရင်သွေးငယ်လေးများအား ကျောင်းဆင်းဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်ခြင်းနှင့် ကျောင်းဆင်းပဒေသာကပွဲအခမ်းအနားများ ကျင်းပဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇော်လမြိုင်မြို့၊ အမှတ်(၁)

မူလတန်းကြိုကျောင်းမှ (၁၁.၃.၂၀၂၄) ရက်နေ့တွင် လည်းကောင်း၊ အမှတ် (၂) မူလတန်းကြိုကျောင်းမှ (၁၅.၃.၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ အမှတ်(၃) မူလတန်းကြိုကျောင်းမှ (၂၀.၃.၂၀၂၄) ရက်နေ့တွင် လည်းကောင်း၊ သံဖြူဇရပ် မူလတန်းကြိုကျောင်းမှ (၂၁.၃.၂၀၂၄) ရက်နေ့တွင်လည်းကောင်း၊ ချောင်းဆုံ မူလတန်းကြိုကျောင်း (၂၂.၃.၂၀၂၄) ရက်နေ့တွင် လည်းကောင်း အသီးသီး ကျင်းပဆောင်ရွက်ခဲ့ကြပြီး၊ သထုံမူလတန်းကြိုကျောင်းမှ (၂၉.၃.၂၀၂၄) ရက်နေ့တွင် ကျင်းပဆောင်ရွက်သွားပါမည်။

## မိခင်ဝိုင်းများ၏မိဘများနှင့်ပံ့ပိုးမှုကော်မတီဝင်များအား မိဘအသိပညာပေးသင်တန်းကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၂၀ ရက်** **မန္တလေးတိုင်းဒေသကြီး**



မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးကြီးကြပ်မှုအောက်ရှိ မန္တလေးမြို့၊ အမှတ်(၁)မူလတန်းကြိုကျောင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်တို့တွင် ဖွင့်လှစ်ထားသော မိခင်ဝိုင်း(၁၁)ဝိုင်းမှ မိဘများနှင့် ပံ့ပိုးမှုကော်မတီဝင်(၈၀) ဦးတို့အား (၅.၃.၂၀၂၄) ရက်နေ့နှင့် (၆.၃.၂၀၂၄) ရက်နေ့ နံနက်(၉:၀၀)နာရီအချိန်၌ အမှတ်(၁)မူလတန်းကြိုကျောင်း၊ အမှတ်(၂)မူလတန်းကြိုကျောင်းနှင့် ဒေးဝန်းမူလတန်းကြိုကျောင်းတို့ရှိ ကျောင်းအုပ်တို့မှ မိဘအသိပညာပေးသင်တန်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း သင်တန်းဖွင့်လှစ်မှုပြုလုပ်ခြင်း



နေပြည်တော်တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၌ (၆-၃-၂၀၂၄) ရက်နေ့တွင် ဖွင့်လှစ်သည့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၂၄)ကို ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် သင်တန်းသား/သူ စုစုပေါင်း (၃၀) ဦးတို့ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း မီးဘေးထောက်ပံ့မှုများ

(၁-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့၊ အမှတ် (၁) ရပ်ကွက်၌ မီးဘေး ဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၂၀) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂,၀၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၁)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၇၀,၁၀၀/-)

တို့ကို (၂၁-၃-၂၀၂၄) ရက်နေ့တွင် သပိတ်ကျင်းမြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂-၃-၂၀၂၄)ရက်နေ့တွင်ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ဝက်ကုန်းအုပ်စု၊ လဲခုံကျေးရွာ၌ မီးလောင်ကျွမ်းမှုကြောင့် မီးလောင်ဒဏ်ရာဖြင့် သေဆုံးသူ(၂)ဦးအတွက် သေဆုံးငွေထောက်ပံ့ကျပ် (၆၀၀,၀၀၀/-) တို့ကို (၂၁-၃-၂၀၂၄)ရက်နေ့တွင် ဟသ်ာတခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၅၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၄၂,၀၀၀/-)၊ သေဆုံး(၁)ဦး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၅-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃-၃-၂၀၂၄)ရက်နေ့တွင် ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ သောင်းကြီးကျေးရွာအုပ်စု၊ ဝါသလကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၈)ဦးအတွက်ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၄-၃-၂၀၂၄)ရက်နေ့တွင်ရေကြည်မြို့နယ်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၅-၃-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂,၁၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၆-၃-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၅-၃-၂၀၂၄)ရက်နေ့တွင် ရေဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ မိဿလင်ကျေးရွာအုပ်စု၊ မိဿလင်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၂) လုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၀,၅၀၀/-)နှင့်

ကယ်ဆယ်ရေးပစ္စည်း(၁၇)မျိုးတို့ကို (၇-၃-၂၀၂၄) ရက်နေ့တွင် ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၆-၃-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့၊ တောင်ပိုင်းရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီး လူနေအိမ် (၁၀) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁,၄၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ(၂၈)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၅၈,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇)မျိုးတို့ကို (၇-၃-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ပုသိမ်ခရိုင်ဦးစီးမှူးရုံးတို့မှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၇-၃-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ သူငယ်တော်ကျေးရွာအုပ်စု၊ သူငယ်တော်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီး လူနေအိမ် (၁) လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၃) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၁-၃-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၁-၃-၂၀၂၄)ရက်နေ့တွင်မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဝွေးပင်ရိုးကျေးရွာအုပ်စု၊ တောင်ရှေ့ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ်(၁၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄၇)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၉၈,၇၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၁၃-၃-၂၀၂၄) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၃-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၊ အမှတ် (၆) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၁၂)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၂၅,၂၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၃-၃-၂၀၂၄) ရက်နေ့တွင် ပုသိမ်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၄-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ အိုင်တိုကျေးရွာအုပ်စု၊ လှတောကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀/-) နှင့် သေဆုံးသူ(၁)ဦး ထောက်ပံ့ငွေကျပ်(၃၀၀,၀၀၀/-) တို့ကို (၁၅-၃-၂၀၂၄) ရက်နေ့တွင် ရမည်းသင်းခရိုင်

ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၅-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါးဇွန်မြို့နယ်၊ မဂျီကျေးရွာအုပ်စု၊ မဂျီကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ် (၆) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၆၃၅,၀၀၀/-)၊ဘေးသင့်လူဦးရေ(၃၃)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၆၉,၃၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၂-၃-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၆-၃-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ကျေးချောင်းကျေးရွာအုပ်စု၊ သော်တာကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၃)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၂၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၁၆,၈၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၈-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၁-၃-၂၀၂၄)ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁) ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၂,၁၀၀/-) တို့ကို (၂၂-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း လေဘေးထောက်ပံ့မှုများ



(၄-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ အောင်သပြေကျေးရွာနှင့် မှုံနှစ်ကျေးရွာတို့၌ လေပြင်းဘေးကြိုတင်ကာကွယ်နိုင်ရန်နှင့် အန္တရာယ်ကျရောက်မှုလျော့နည်းစေရန် ရည်ရွယ်၍ အိမ်ထောင်စုများမှ နေအိမ် (၃၆) လုံးအတွက် ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်သော ဝါး၊ ထရံ၊ မျော၊ သွပ် အစရှိသည် သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊သရက်တောကျေးရွာအုပ်စု (သရက်တော၊ ပိုးစာတော၊ မသိမ်၊ ဘုန်းကြီးလျှို၊ စည်ပင်သာ) ကျေးရွာတို့၌ လေပြင်းဘေး ကြိုတင်ကာကွယ်နိုင်ရန်နှင့် အန္တရာယ်ကျရောက်မှု လျော့နည်းစေရန် ရည်ရွယ်၍ အိမ်ထောင်စုများမှ နေအိမ်(၃၅)လုံးအတွက် ပြန်လည်ပြုပြင်မွမ်းမံရန် လိုအပ်သော ဝါး၊ ထရံ၊ မျော၊ သွပ် အစရှိသည်များ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၂၁-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာတို့၌ လေဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ်(၁၉)လုံးနှင့် ဘုန်းကြီးကျောင်း (၂) ကျောင်းတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေနှင့် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁,၁၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၆)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈၀,၆၀၀/-) တို့ကို (၂၂-၃-၂၀၂၄) ရက်နေ့တွင် ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ မတ်လအတွင်း ထူးခြားဖြစ်စဉ်အတွက်ထောက်ပံ့မှုများ

(၁-၃-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့၊ အမှတ်(၁)ရပ်ကွက်၌ အကြမ်းဖက်များ၏ ပစ်ခတ်မှုကြောင့် လူနေအိမ်များပေါ်သို့ ပေါက်ကွဲရာမှတစ်ဆင့် မီးဘေးဖြစ်ပွားခဲ့ရာ လုံးဝပျက်စီး လူနေအိမ် (၂၀)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၂,၀၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၁)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ်(၁၇၀,၁၀၀/-)တို့ကို (၂၁-၃-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြင့်မားရေးသင်တန်းနှင့် အင်္ဂလိပ်စာအရည်အသွေးကျွမ်းကျင်မှုမြှင့်တင်ရေးမွမ်းမံသင်တန်း(အမှတ်စဉ်-၁) ကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၁၈ ရက်** **နေပြည်တော်**



ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားတို့ကို သိရှိနားလည်ခြင်းအားဖြင့် ပြည်သူလူထုအား ပိုမိုကူညီဆောင်ရွက်နိုင်ရန်၊ လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း

တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တို့ကိုသိမြင်နားလည်နိုင်စေရန်၊ လူ့အခွင့်အရေးနှင့် ပတ်သက်၍ မိသားစုနှင့် ရပ်ရွာပတ်ဝန်းကျင်တွင် အသုံးချလိုက်နာ ဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများ အသိပညာမြင့်မားရေးသင်တန်းကို ၂၀၂၄ခုနှစ်၊ မတ်လ (၁၁)ရက်နေ့မှ (၁၃)ရက်နေ့အထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာနတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ထမ်းဆောင်နေသော အရာထမ်းများအနေဖြင့် နိုင်ငံတကာစံနှုန်းများအား သိရှိမှတ်သားနိုင်စေရေးနှင့် မိမိတို့နိုင်ငံ၏ လက်ရှိဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေစွာ အကောင်းအထည်ဖော် ဆောင်ရွက်နိုင်မည့်အလေ့အထကောင်းများရရှိလာစေရန်၊ လုပ်ငန်းခွင်သုံး အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုခြင်းနှင့် အင်္ဂလိပ်စာရေးသားရာတွင် သဒ္ဒါအသုံးအနှုန်းများကို မှန်ကန်စွာ အသုံးချတတ်စေရန် ရည်ရွယ်၍ အင်္ဂလိပ်စာ အရည်အသွေး ကျွမ်းကျင်မှုမြှင့်တင်ရေးမွမ်းမံသင်တန်း (အမှတ်စဉ်၁) (Refresher Training For English Skills Proficiency Develpoment) ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၁၈)ရက်နေ့မှ (၂၀)ရက်နေ့အထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)မှ ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ မတ်လ ၂၅ ရက်** **ကျိုင်းတုံမြို့**

(၂၅-၃-၂၀၂၄)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း ဆင်းပွဲအခမ်းအနားကို ကျိုင်းတုံမြို့၊ လွိုင်မွေအုပ်စု၊ ပန်ကွဲတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပါသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသားများ စုစုပေါင်း(၉၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို နံနက်(၁၁:၀၀)နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။



## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် ရောက်ရှိနေသော တိုက်ပွဲရှောင်၊ နေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ မတ်လ ၂၈ ရက်** **မန္တလေးတိုင်းဒေသကြီး**

လတ်တလော အကြမ်းဖက်ဖြစ်စဉ်များကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များသို့ တိမ်းရှောင်ရောက်ရှိနေသောတိုက်ပွဲရှောင်၊ နေရပ်စွန့်ခွာသူများအား ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို မန္တလေးမြို့၊ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ (၂၈-၃-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတော်တွင် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေများနှင့် ထောက်ပံ့ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်း ပြောကြားခဲ့ပြီး တိုင်းဒေသကြီးအတွင်း ရာသီအလိုက်ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များနှင့် ယခုအခါ ပူပြင်းသော နွေရာသီကာလသို့ ရောက်ရှိနေပြီဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒ ဖြစ်စဉ်များကြောင့် ကြုံတွေ့ရနိုင်သည့် လေပြင်းတိုက်ခတ်မှု၊အပူချိန်လွန်ကဲမှုစသည့်သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်းပြီး သတိပြုလိုက်နာနေထိုင်ကြရန်တို့ကို တိုက်ပွဲရှောင်ပြည်သူများအား မှာကြားခဲ့ပါသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ပေးနေမှုများ၊ စီစဉ်ဆောင်ရွက်ထားရှိပေးမှုများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကျပ် (၅၆၅.၉၂) သိန်းနှင့် ကျပ် (၁၈၄) သိန်းကျော် တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုး၊ တိုက်ပွဲရှောင်ပြည်သူများအနက်မှ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်ကြသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၅)နှစ်အောက်ကလေးငယ်များ၊ မသန်စွမ်းသူများ၊ အသက် (၇၀) နှစ်နှင့် အထက် သက်ကြီးသူများ စုစုပေါင်း (၁၂၄) ဦးအတွက် ငွေကျပ် (၃၇) သိန်းကျော်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပါသည်။